


လုံးချင်းဝတ္ထုသစ်
သိန်းမင်းစာပေ
ပုဏ္ဏကျိုးဝေ
မလွမ်းချင်ဘူးနော်
ပန်းချီ သိန်းရွှေကြည်

(၁)

မိုးကြီးလေကြီးကျနေသည် ။ ပတ်ဝန်းကျင်က ပိန်းပိတ်အောင် မှောင်နေသည် ။ ညဆယ့်တစ် နာရီကျော်ကျော်မှာ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ပြီး မိုးသံ၊ လေသံတွေကသာ ကြီးစိုးနေသည် ။

ထိုအချိန်မှာ လူသားတော်တော်များက နွေးထွေးသော သူတို့ ရဲ့ အိပ်ရာတွေထဲမှာ တွေးနေ၊ ကွေးနေကြမည်ဖြစ်ကြသည် ။ ပတ်ဝန်းကျင်တစ်ခုလုံး လူသံ၊ ကားသံတွေ တိတ်ဆိတ်နေပြီး မိုးသံ၊ လေသံတွေကသာ ကြောက်ခမန်းလိလိ ဆူညံနေသည် ။

သည် ပတ်ဝန်းကျင်ရဲ့ ကြောက်စရာကောင်းပုံကို သတိမထားနိုင်ဘဲ၊ သေငယ်ဇောနှင့် ပြေးနေရသော သူလေးကို မိုးမင်းကရော၊ လေမင်းကပါ မညှာမတာ လိုက်ပြီးဖိစီးနေပါသည် ။

သဲနုဖြူဆိုသော မိန်းမငယ်က မောလွန်း၍ သူရဲ့ နှလုံးသားတွေက ရင်ထဲက ပေါက်ထွက်လု မတတ် လှိုင်းထန်ခုန်မြည်နေသည် ။

သဲနုဖြူရဲ့ တစ်ခုတည်းသော ခံစားချက်က ရုပ်ဆိုးအကျည်းတန်၊ ထိတ်လန့်စရာ ကောင်းသော မြင်ကွင်းကနေ အဝေးဆီသို့ပြေးရန်ဖြစ်သည် ။

ဝေးနိုင်သမျှ ဝေးချင်ပါသည် ။ တတ်နိုင်လျှင် သဲနုဖြူသည် စကြဝဠာရဲ့ အပြင်ဘက်ဆီသို့ ထွက်ပြေးလိုက်ချင်ပါသည် ။

သဲနုဖြူရဲ့ တစ်ကိုယ်လုံး ပူရှိန်းနေသလို လည်ချောင်းကလည်း ခြောက်ကပ်ပြီး ပူလောင် နေသည် ။ ခြောက်သွေ့နေသော နှုတ်ခမ်းကို သက်သာလိုသက်သာငြား လျှာနှင့်သပ်လိုက်သော်လည်း ခြောက်သွေ့လွန်းသောလျှာကြောင့် သက်သာမှုမရပါ။

အမှောင်ထုကိုအံတုပြီး စိတ်ကိုတင်းကာ ပြေးလွှားနေသော်လည်း ဘယ်ဆီဘယ်ကမ်းကို ရောက်နေမှန်းမသိပါ။

"ငါမောလွန်းလို့ လဲပြီးသေရင်သေပစေ၊ ငါ သူတို့ နဲ့ ဝေးရာကိုပြေးရမှာ ပဲ"

သဲနုဖြူက ပြေးလွှားရင်းနှင့် ပြင်းထန်သော သူ့ရဲ့ မောဟိုက်သော အသက်ရှူသံကို ကျယ်လောင်စွာပြန်ကြားနေရသည် ။

"ငါ့ရဲ့ အသက်ရှူသံကို တခြားလူတွေကြားပြီး အိပ်ရာကတောင် နိုးနိုင်တယ်"

ထိတ်လန့်တုန်လှုပ်စွာနှင့် မဖြစ်နိုင်သည် ကိုပင် သဲနုဖြူက တွေးမိသည် ။ လူတွေမြင်လျှင် ပုန်းလျှိုးလိုက်၊ ပြေးလွှားလိုက်နှင့် မြစ်ကမ်းဘေးတစ်နေရာကို ရောက်လာသည် ။

က  မ ်ားန  ဖ ူးမ ၂ ၁ ကပ်ရပ်ထားသော  ခေါင်မိုးပါသော အချို့လှေတွေထဲမှာ မီးချောင်း မှိတ်တုတ်၊ မှိတ်တုတ်ကို မြင်လိုက်သည် ။

"ငါ ကမ်းနားတစ်ခုကို ရောက်နေတာပဲ"

"ငါပြေးခဲ့တဲ့ ခရီးကဝေးပြီပဲ၊ ဘယ်နားကိုရောက်နေပါလိမ့်"

ထိုသို့အတွေးနှင့် အပြေးကိုလျှော့လိုက်သည် ။ မောလွန်း၍ အသက်ကို လုယက်ရှူနေရ သည် ။ ခြေထောက်တွေကလည်း သေးကွေးသော

သူ့ခန္ဓာကိုယ်ကိုပင် ထမ်းပိုးသယ်ဆောင်နိုင်စွမ်း မရှိအောင် ညွတ်ကျချင်နေပြီ။

ရေသံတွေလို ကြားရသဖြင့် ရေငတ်မွတ်သိပ်ဆာလောင်ခြင်းက ပို၍ကြီးစိုးလာသည် ။ ဘာကိုမှ မတွေးနိုင်တော့ဘဲ သဲနုဖြူက ရေသံကြားရာ ကမ်းပါးဆီသို့ တရွေ့ရွေ့ ဆင်းခဲ့သည် ။

မှောင်မည်းနေ၍ မမြင်ရပေမယ့်၊ နောက်ကျိနေမည်ဟု သိနေသောမြစ်ရေကို လက်ခုပ်နှင့် ယူပြီးသောက်လိုက်သည် ။ တစ်ငုံသောက်လိုက်ပြီး ပြန်ထွေးလိုက်သည် ။

သူနှင့်အနီးဆုံးမှာ မော်တော်သေးသေးလေးတစ်စင်း ရပ်ထားသည် ။ သဲနုဖြူက တိတ်ဆိတ် နေသော ထိုလှေနားဆီသို့ ရှံ့အိုင်ထဲကနေ ဖြတ်ကူးပြီးချဉ်းကပ်သွားသည် ။

စက်လှေပေါ်က ဘာသံမှ မကြားရပါ။ စက်လှေပေါ်သို့ တွယ်ကပ်ပြီး တက်လိုက်သည် ။

"အင်း ... လှေပေါ်မှာ ဘယ်သူမှ မရှိပါလား"

လှေပေါ်သို့ တွယ်တတ်ပြီး သဲနုဖြူ လွန်စွာမောနေသည် ။ စက်လှေပေါ်တွင် သောက်ရေရမည် ထင်ပြီး ရှာချင်သော်လည်း သူ့ခြောက်ထောက်တွေက ဆက်ပြီးမလှမ်းနိုင်တော့ပါ။

သူနှင့်အနီးဆုံးမှာ ရှိနေသော အခန်းဆီသို့ ကြိုးစားလျှောက်သွားသည် ။ အခန်းတံခါးက ပိတ်ထားခြင်းမရှိ၍ တွန်းဖွင့်လိုက်သည် နှင့် ပွင့်သွားသည် ။

"ဒါ ... အိပ်ခန်းပဲ၊ အိပ်ရာပေါ်မှာ ဘယ်သူမှ မရှိပါလား"

မောပန်းခြင်းနှင့် အိပ်ချင်သည့်စိတ်ကို ထိုအိပ်ရာက နှိုးဆွလိုက်သ

ည် ။ သဲနုဖြူက အခန်းထဲသို့ လေးဖင့်နေသောခြေထောက်တွေကိုဆွဲယူပြီး အိပ်ရာဆီသို့ ဦးတည်လိုက်သည် ။

သိပ်ကိုပင်ပန်း နွမ်းနယ်လွန်း၍ ၊ ဘာကိုမှ မဆင်ခြင် မတွေးတောနိုင်ဘဲ၊ အိပ်ရာပေါ်သို့ ပစ်လှဲအိပ်လိုက်သည် ။ ပေကျံနေသော ခြေထောက်တွေက အိပ်ရာပေါ်သို့မရောက်ဘဲ တိုးလိုး တန်းလန်းဖြစ်နေသည် ။

***

(၂)

နေဇင်ဦးက ဒုက္ခအခက်အခဲ အကျဉ်းအကျပ်နှင့် တွေ့ကြုံနေရသော သူငယ်ချင်း မျိုးဆွေထံသို့ ထွက်လာခဲ့သည် ။

အိမ်တွင် ပုန်းနေသော မျိုးဆွေက သူ့ကို ဝမ်းသာအားရနှင့် ကြိုဆိုသည် ။ ကလေး နှစ်ယောက်နှင့် မျိုးဆွေရဲ့ ဇနီးက အခန်းထောင့်တစ်နေရာမှာ ချောင်ကပ်ပြီး ကြောက်ရွံ့အားငယ်သော အကြည့်များ နှင့် မျိုးဆွေကို ကြည့်နေကြသည် ။

"သူငယ်ချင်းရယ် မင်းလာတာနဲ့ အတော်ပဲ၊ ဒီည ဒီကထွက်မသွားနိုင်ရင် ငါ ကောင်းကောင်း ဒုက္ခရောက်ပြီ"

"လာမှာ ပေါ့ မျိုးဆွေရာ ... မင်းကို တမင်ချောက်တွန်းမှန်းသိလို့ ငါ ကပိုပြီးကူညီရ လိမ့်မယ်"

"ဟုတ်ပါပြီ၊ ငါ ဘာလုပ်ရမလဲ"

"ဒီ ဦးရွှေရဆိုတဲ့ လူယုတ်မာကြီးလက်က လွတ်အောင် ပြေးရလိမ့်မယ်"

"အေးလေ ... ငါတို့ မိသားစုတစ်ခုလုံးပြေးမှ ဖြစ်မှာ ၊ အဲဒါကို မင်း ဘယ်လိုစီစဉ်ထားလဲ"

"ဒီည မင်း မအိပ်နဲ့ တော့၊ မနက်သုံးနာရီလောက် င့ါရဲ့ စက်လှေဆီ

ကို မင်းတို့ မိသားစုတွေ ရောက်အောင်လာခဲ့"

"အင်း ... သုံးနာရီလောက်ဆိုရင် ကင်းလှည့်နဲ့ လွတ်နိုင်တယ်၊ ငါ ဖြစ်အောင်လာခဲ့မယ်"

"အဝတ်အစား တစ်နိုင်နဲ့ အရေးကြီးတာလောက်ပဲသယ်နော်၊ ပစ္စည်းတွေများများ မသယ်နဲ့ "

"စိတ်ချပါ"

"အဲဒီ သူတော်ကောင်းယောင် အရေခြုံထားတဲ့ ဦးရွှေရကို ငါလေ သွားတွေကျွတ်ထွက် သွားအောင်ကို ထိုးပစ်လိုက်ချင်တယ်"

ကြောက်လန့်နေသော ကလေးနှစ်ယောက်ကိုကြည့်ပြီး နေဇင်ဦးက လက်သီးကျစ်ကျစ် ပါအောင် ဆုပ်ထားလိုက်သည် ။

"ဥပဒေကို လက်တစ်လုံးခြားလုပ်နေတဲ့ ဒီလူယုတ်မာကို တစ်နေ့ကျရင် ထောင်ထဲ ငါကိုယ်တိုင်ထည့်မယ်"

"သူက သိပ်လူပါးဝတယ်၊ ဉာဏ်နီ ဉာဏ်နက်များ တယ်၊ အပြင်ပန်းက လူကြီးလူကောင်း ပုံစံမို့ သူ့ကိုထောင်ထဲသွင်းဖို့ က သူ့မကောင်းမှုကို လက်ပူးလက်ကြပ်မိမှ ဖြစ်မှာ "

"တစ်ကွေ့မဟုတ် တစ်ကွေ့တော့ တွေ့မှာ ပေါ့ကွာ"

နေဇင်ဦးက စကားဖြတ်ပြီး မျိုးဆွေတို့ အိမ်မှ တိတ်တဆိတ်ပြန်လာခဲ့သည် ။ အင်းစိန် ကမ်းနားမှာ ရှိနေသော သူ့ရဲ့ စက်လှေဆီသို့လာခဲ့သည် ။

စက်လှေပေါ်တက်လိုက်စဉ် သူ့ရဲ့ အခန်းနားတွင် ရွှံ့စက်တွေနှင့်ခြေရာကိုတွေ့သည် ။

"ဘယ်သူများ ငါ့စက်လှေပေါ် တက်ပါလိမ့်၊ အခန်းတံခါးကို ငါသော့ခတ်ခဲ့တာပဲ"

အမှတ်တမဲ့နှင့် သော့မခတ်ခဲ့သည် ကို မေ့နေသည် ။

"အစောင့်မထားခဲ့တာနဲ့ တစ်ယောက်ယောက် ဝင်မွေသွားပြီလား"

ခါတိုင်း စက်လှေပေါ်က သူဆင်းမည်ဆိုလျှင် အစောင့်ကောင်လေးနှင့် ထားခဲ့သည် ။ သည် တစ်ရက်၊ နှစ်ရက်မှာ မျိုးဆွေတို့ ကို စက်လှေနှင့် ခေါ်ထုတ်သွားချင်၍ အစောင့်လေးကို တမင် စက်လှေတွင် မထားပါ။

သူ့အခန်းထဲသို့ ဝင်လိုက်စဉ် သူ့ရဲ့ အိပ်ရာပေါ်တွင် အိပ်နေသော လူတစ်ယောက်ကိုတွေ့ပြီး ဒေါသဖြစ်သွားသည် ။

"တောက် ... ညစ်ညစ်ပတ်ပတ်ကြီးနဲ့ ငါ့ရဲ့ အိပ်ရာပေါ်ကို ပိုင်စိုးပိုင်နင်း ဝင်အိပ်နေတာ ဘယ်သူလဲမသိဘူး"

အိပ်ရာနားသို့ တိုးကပ်ပြီး ငုံ့ကြည့်လိုက်သည် ။ နေဇင်ဦးလွန်စွာအံ့ဩပြီး၊ ပါးစပ် ပြဲသွားသည် ။

"ဟင် ... မိန်းကလေးတစ်ယောက်ပါလား"

အလွန်လှပနုနယ်သော မိန်းမပျိုလေး တစ်ယောက်ကိုတွေ့လိုက်သည် ။

"ဘယ်က မိန်းကလေးပါလိမ့်"

လူလိမ်လူညာတွေပေါသော အခါကာလမှာ နေဇင်ဦးက မိန်းမလှလေးကိုလည်း မယုံရဲပါ။ ပိုင်စိုးပိုင်နင်းရှိလှသော မိန်းမလှလေးကို ဒေါသတကြီး ပခုံးကို ခပ်ပြင်းပြင်းလေးပုတ်ပြီး နှိုးလိုက်သည် ။

"ဟေ့ ... ဟေ့ ထစမ်းပါဦး"

မောပန်းပြီး နှစ်ခြိုက်စွာအိပ်ပျော်နေသော သဲနုဖြူက လန့်ပြီးနိုးသွားသည် ။ သူ့ကိုငုံ့ကြည့် နေသော လူချော၊ လူခန့်ကြီးကို အံ့ဩထိတ်လန့်သော မျက်ဝန်းတွေနှင့် ကြည့်နေသည် ။

သဲနုဖြူရဲ့ ပြူးဝိုင်းသောအကြည့်ထဲမှာ ရိုးသားဖြူစင်မှုကိုတွေ့လိုက်သော်လည်း နေဇင်ဦး မယုံရဲသေးပါ။

"မင်း ... ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာကြောင့် ငါ့အိပ်ရာပေါ် ပိုင်စိုးပိုင်နင်း တက်အိပ် နေရတာလဲ"

"မင်း ဘယ်သူလဲ၊ ဘယ်ကလဲ"ဆိုသောမေးခွန်းကို သဲနုဖြူက မဖြေနိုင်၊ နောက်ဆုံး မေးခွန်းကိုပဲ ဖြေလိုက်သည် ။

"အိပ် ... အိပ်ချင်လွန်းလို့ ဒီမှာ ခွင့်မတောင်းဘဲ အိပ်မိတာကို ခွင့်လွှတ်ပါ"

"မိန်းမပျိုလေး တစ်ယောက်ဖြစ်ပြီး ဘယ်သူဘယ်ဝါမှန်းမသိတဲ့ သူတစ်ယောက်ရဲ့ အိပ်ရာပေါ်မှာ အိပ်ရဲတယ်ဆိုတော့ မင်းက ဘယ်လိုမိန်းမစားမျိုးလဲ၊ မိန်းမကောင်းဆိုရင် ဒီလို မလုပ်ဘူး"

နေဇင်ဦး၏ စကားတွေက ရင့်သီးသော်လည်း အမှန်တရားတွေမို့ ရင်နင့်နင့်နှင့် သဲနုဖြူက နားထောင်နေသည် ။ ဝမ်းနည်းကြေကွဲလွန်းလာသဖြင့် မျက်ရည်လုံးကြီးများ ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသည် ။

ထိုမျက်ရည်စတွေကိုမြင်ပြီး စောစောက ခက်ထန်နေသော နေဇင်ဦးက သနားစိတ်လေး ဝင်လာသည် ။

"ငိုမနေနဲ့ ၊ ငါမေးတာကို ဖြေစမ်းပါဦး"

"ကျွန်မ သိပ်ပင်ပန်းပြီး အိပ်ချင်လွန်းလို့ ဘာကိုမှ မစဉ်းစားဘဲအိပ်လိုက်မိပါတယ်"

"သိပ်ကို အံ့သြစရာကောင်းတဲ့ မိန်းကလေးပဲ"

နေဇင်ဦးက သဲနုဖြူကို အထူးအဆန်း သတ္တဝါတစ်ကောင်လို ကြည့်နေသည် ။

"နေစမ်းပါဦး ... မင်း ဘယ်သူလဲ၊ ဘယ်ကလဲဆိုတာ ဖြေစမ်းပါဦး"

သဲနုဖြူက ဘာဖြေရမှန်းမသိ။ ကြောက်စိတ်တွေ လွှမ်းမိုးသောအကြည့်နှင့် သူ့ကိုတော့ ကြည့်သည် ။ မျက်နှာလေး ဖြူဖွေးသွားပြီး နှုတ်ခမ်းတွေရော တစ်ကိုယ်လုံး တဆတ်ဆတ်တုန် နေသော ထိုမိန်းကလေးကိုကြည့်ရင်း နေဇင်ဦးရင်မှာ သနားစိတ်တွေဝင်လာပြန်သည် ။

"မင်း ... ဘယ်သူလဲ၊ နာမည်တော့ ရှိမှာ ပေါ့ ဖြေပါဦး"

မာထန်နေသော လေသံကိုလျှော့ပြီး ပျော့ပျောင်းစွာမေးသည် ။

"ဟင့်အင်း ... မသိဘူး၊ မသိဘူး"

ပြောပြီး အိပ်ရာပေါ်က ကျုံးရုန်းထနေသည် ။ သည် နေရာကလည်း သူထွက်ပြေးမှ ဖြစ်တော့မည်ဆိုသော အသိတစ်ခုသာ သဲနုဖြူတွင် ရှိသည် ။

"နေဦး ... မင်း ဘယ်ပြေးမလို့ လဲ"

"ကျွန်မ သွားပါရစေ၊ ရှင့်ကိုလည်း မနှောင့်ယှက်တော့ပါဘူး၊ ရှိခိုးပါတယ်နော် ... သွားပါရစေ"

သဲနုဖြူက ထိတ်လန့်တုန်လှုပ်စွာနှင့် လက်အုပ်လေးချီပြီး သွားခွင့်ကိုသာ တွင် တွင် တောင်း နေသည် ။

"မင်းနာမည်ကို ဘာဖြစ်လို့ မပြောနိုင်ရတာလဲ၊ နာမည်ကိုတောင်

မပြောနိုင်ရတဲ့ ဘုမသိဘမသိ မိန်းကလေးတစ်ယောက်ကို ငါ ဘယ်လို ယုံရမှာ လဲ"

"ဒါကြောင့် ကျွန်မကို သွားခွင့်ပြုပါ"

သဲနုဖြူက ပြောရင်း နုံးချည့်နေသော ခန္ဓာကိုယ်ကို အင်အားတွေစုစ ည်းလိုက်ပြီး ထလိုက် သည် ။ နေဇင်ဦးရှေ့က ထွက်သွားရန် အားယူလို က်သည် ။

"မင်း ဘယ်သွားဦးမလို့ လဲ"

နားခိုရာ မရှိမချင်း သဲနုဖြူ ပြေးနေရဦးမှာ ပါ။ နေဇင်ဦးကို သူမယုံ ရဲ၍ သူ့အကြောင်းတွေကို မပြောနိုင်ပါ။ ဇွတ်တိုးမေးနေသဖြင့် ထိတ်လ န့်ကြောက်ရွံ့စိတ်တွေ ကြီးစိုးနေသည် ။

"နေဦး ... မင်းမသွားနဲ့ ဦး"

နေဇင်ဦးက သဲနုဖြူရဲ့ ကိုယ်လေးကို လှမ်းဖက်ထားလိုက်သည် ။

"ဖြေစမ်းပါ ... မင်း ဘာတွေဖြစ်ခဲ့လဲ၊ မင်းကိုကြည့်ရတာ သိပ်ပြီးကြောက်ရွံ့နေတဲ့ ပုံစံပဲ"

နေဇင်ဦးက မပြောမချင်း ဇွတ်တိုးမေးနေမှာ ကိုသိပြီး သဲနုဖြူရဲ့ ရင် ထဲမှာ မွန်းကျပ်နေသည် ။ သူ့အဖြစ်ကို တစ်ဖက်သား သိသွားမှာ ကို ကြောက်လန့်ပြီး မေ့မြောသွားသည် ။

သူ့ရဲ့ လက်ထဲမှာ မေ့မြောပျော့ခွေသွားသော သဲနုဖြူကိုကြည့်ပြီး နေ ဇင်ဦး စိတ်ညစ်သွား သည် ။

"ဒုက္ခပါပဲ ... ဒီကောင်မလေးကြည့်ရတာ တစ်ခုခုကို သိပ်ပြီးကြော က်လန့်နေတဲ့ ပုံစံပဲ"

သဲနုဖြူကိုပွေ့ချီပြီး အိပ်ရာပေါ်တင်လိုက်သည် ။ သဲနုဖြူသတိရစေရန် ရှူဆေးကို ရှူပေးလိုက်သည် ။ ခဏအကြာမှာ လူးလွန့်ပြီး သဲနုဖြူ သတိရလာသည် ။

ရုတ်တရက် ရောက်နေသော ပတ်ဝန်းကျင်ကို မျက်လုံးစိမ်းစိမ်းတွေနှင့် ကြည့်ရင်း သတိရသွားပြီး လူးလဲထသည် ။

"မထနဲ့ ... နေ ... မင်းကိုကြည့်ရတာ ဖြူဖတ်ဖြူရော်နဲ့ သိပ်ကိုအားနည်းနေတယ်"

"ကျွန်မ သွားပါရစေ"

"နေဦး ... မင်းသက်သာအောင် နေဦး၊ ဒီရွှံ့တွေနဲ့ ပေကျံနေတဲ့ အဝတ်အစားကိုလဲလိုက် ပြီးရင် မင်းစားဖို့ တစ်ခုခုလုပ်ပေးမယ်"

"ကျွန်မမှာ အဝတ်အစားပို မပါဘူး"

"ဟုတ် ပါတယ်၊ မပါမှန်းသိလို့ ငါ့ရဲ့ ပုဆိုးနဲ့ ရှပ်အင်္ကျီကို ပေးဝတ်မလို့ "

"ရှင့် အဝတ်အစားတွေ ယူဝတ်လိုက်ရင် ရှင်က ဘုန်းနိမ့်သွားမှာပေါ့"

"ဒါတွေ အယူမရှိပါဘူး၊ အခုလောလောဆယ် မင်းမှာ လဲစရာ အဝတ်မရှိဘဲ"

ဟုတ်သည် မို့ သဲနုဖြူငြိမ်နေလိုက်သည် ။ သူ့အဝတ်အစားတွေသည် မိုးရေ၊ ရွှံ့များ နှင့် ပေကျံနေသည် မို့ အလွန်ပင် ရွံစရာကောင်းနေမှန်းသိသည် ။

"ကျွန်မ ရေချိုးလို့ ဖြစ်မလားဟင်"

"သိပ်ဖြစ်တာပေ့ါ"

"ဒါဆို ချိုးချင်တယ်"

"ကောင်းတယ်၊ ညစ်ပတ်နေတဲ့ လူကို ငါ့အိပ်ရာပေါ်မှာ ဘယ်တုန်းကမှ ပေးမအိပ်ခဲ့ဖူးဘူး"

သန့်ရှင်းနေသော သူ့ရဲ့ အိပ်ရာခင်း ညစ်ပတ်သွားတာကိုကြည့်ပြီး ရှက်တုံ့အားနာစွာ မျက်နှာငယ်လေးနှင့် သူ့ကိုကြည့်လိုက်သည် ။

"ကျွန်မကြောင့် ရှင့်အိပ်ရာ ညစ်ပတ်သွားတာ ဆောရီးနော်"

"ရပါတယ်၊ ကဲ ... ဆင်း ရေချိုးခန်းကို လိုက်ပို့ပေးမယ်"

စက်လှေသေးသေးလေးပေါ်တွင် သပ်ရပ်လုံခြုံသော ရေချိုးခန်းရှိလိမ့်မည်ဟု သဲနုဖြူက မထင်ပါ။ ရေချိုးခန်းလုံလုံထဲမှာ ရေကို မြန်မြန်ချိုးချလိုက်သည် ။ အနည်းငယ် လန်းဆန်းသွားသလို ရှိသွားသည် ။

ရေချိုးခန်းထဲမှာ ပဲ အဝတ်အစားတွေကိုလဲပြီး ပြန်ထွက်လာသည် ။ အခန်းထဲရောက်တော့ အငွေ့တထောင်းထောင်းထနေသော ကြက်ဥဟက်ဖရိုင်ကြော်နှင့် ပေါင်မုန့်များကို တွေ့ရသည် ။

အစားအသောက်ကိုမြင်လိုက်မှ သူဘယ်မျှဆာနေသည် ကို သိလိုက်သည် ။ ပါးစပ်ထဲမှ ပြည့်လာသော တံတွေးများကို မြိုချလိုက်သည် ။

"ဆာနေပြီ မဟုတ်လား ... ပူပူလေး စားလိုက်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"

သဲနုဖြူက ပေါင်မုန့်လေးချပ်နှင့် ကြက်ဥကြော်ကို ကုန်အောင်စားလိုက်သည် ။ အစား အသောက်စားရင်းကပင် လွန်စွာငိုက်မျည်းနေသည် ။

"မင်းကြည့်ရတာ သိပ်အိပ်ချင်နေပုံပဲ၊ အိပ်လိုက်ဦး"

နောက်ဆုံးပိတ် အစားပိတ် ကော်ဖီကိုသောက်ချလိုက်ပြီး အိပ်ရာပေါ် လှဲချလိုက်သည် ။ ခေါင်းအုံးနှင့် ခေါင်းထိပြီး သဲနုဖြူ အိပ်ပျော်သွားသည် ။

နေဇင်ဦးက သဲနုဖြူရဲ့ အပူအပင်ကင်းစွာအိပ်နေသည့် မျက်နှာလေး ကိုကြည့်ပြီး သနားစိတ်တွေ ယိုဖိတ်နေပါသည် ။

သဲနုဖြူကို တွေ့တွေ့ချင်း သူ့ရင်ထဲမှာ မြင်နိုင်စွမ်းမရှိသော ကြိုးတစ် မျှင်ရစ်ပတ်လိုက်သည် ဆိုတာကိုလည်း ခံစားမိသည် ။

ကြည့်စမ်းပါဦး ... ကလေးလေးလို နှစ်နှစ်ခြိုက်ခြိုက်အိပ်နေရှာတ ယ်၊ စောစောက ထိတ်လန့်နေတဲ့ အမူအရာတွေ သူ့မျက်နှာလေးပေါ်မှာ ကင်းစင်နေတော့ ပိုပြီးချစ်စရာကောင်း နေတယ်

"ဒီမိန်းကလေးကိုကြည့်ရတာ နုနုနယ်နယ်၊ ရိုးရိုးသားသားလေး၊ ကြ ည့်ရတာ အထက်လွှာက ပုံစံမျိုး၊ ဘယ်လိုဒုက္ခတွေနဲ့ ရင်ဆိုင်ခဲ့ရပါလိမ့်၊ သူ့ကိုကြည့်ရတာ တစ်ခုခုကို ထိတ်လန့်လာပုံပဲ၊ သူ့နာမည်ကို မှတ်မိရ က်သားနဲ့ ငါ့ကို တမင်မပြောတာလား"

ဘယ်မိန်းမကိုမှ စိတ်မဝင်စားသော နေဇင်ဦးရဲ့ နှလုံးသားထဲသို့ အ မည်တောင်မသိရသော ပဟေဠိဆန်သော မိန်းကလေးတစ်ယောက်က တိုးဝင်လာပါပြီ။

"အိပ်ရေးဝအောင်အိပ်ပြီး မနက်နိုးရင်တော့ သူ့အကြောင်းတွေကို ငါ့ကို ပြောပြတန် ကောင်းပါရဲ့ "

နေဇင်ဦး သူ့အတွက်စောင်နှင့်ခေါင်းအုံးယူပြီး၊ အခန်းကျဉ်းလေးထဲ မှ ထွက်လာခဲ့သည် ။ လေကွယ်သည့်နေရာမှာ အိပ်စက်လိုက်သည် ။

***